ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ကျုံချိုက်ကျေးရွာ၊ မြကိုင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ........................................................................................................ ၂

၂။ မြကိုင်းကျေးရွာအုပ်စုမြေပုံ............................................................................................. ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း....................................................... ၄

၄။ကျေးရွာအခြေခံအချက်အလက်များ.................................................................................................. ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.................. ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....................၂၀

၈။ကျေးရွာကော်မတီစာရင်း..................................................................................................... ၂၁


၉။ပုံစံစ-၁။ကျေးရွာအချက်အလက် ..................................................................................... ၂၂

၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..........................................................................၂၆

၁၁။အစည်းအဝေးမှတ်တမ်းများ.........................................................................................................၂၉

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..................................................၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ မြကိုင်းကျေးရွာ အုပ်စုမြေပုံ



## ၃။မြကိုင်းကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ မြကိုင်းကျေးရွာ

၂။ကျုံချိုက်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကျုံချိုက်ကျေးရွာသည်ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ကျောက်တန်းမြို့နယ်နှင့်မနီးမဝေးမှာရှိသောရွာတစ်ရွာဖြစ်ပါသည်။ကျုံချိုက်ကျေးရွာစတင်ဖြစ်ပေါ်လာခဲ့သည်မှာနှစ်ပေါင်း(၁၈၈)ခန့်ရှိပါသည်။ကျုံချိုက်ကျေးရွာသည်ပင်လယ်မှချောင်းငယ်လေးတခုစီးဆင်းလာရာယခုဘူးကုန်းအုပ်စုနားတွင်အဆုံးသတ်ပြီးကျုံချိုက်ချောင်းကလေးနားတွင်တည်ခဲ့သောရွာဖြစ်သောကြောင့်ကျုံချိုက်ကျေးရွာဟုအမည်ပေးခဲ့ပါသည်။

ကျုံချိုက်ကျေးရွာသည်အဓိကစီးပွားရေးအနေဖြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအဓိကလုပ်ကိုင်စားသောက်ကြပါသည်။အဓိကစိုက်ပျိုးသီးနှံများမှာစပါးနှင့်ပဲများဖြစ်ပြီးမွေးမြူရေးမှာဆိတ်၊ဂက်၊ကြက်တို့ကိုမွေးမြူလုပ်ကိုင်ကြပါသည်။ကျုံချိုက်ကျေးရွာနှင့်နယ်နိမိတ်ချင်းထိစပ်နေသောရွာများမှာအရှေ့ဘက်တွင်ကပ်မလာချောင်း၊အနောက်ဘက်တွင်ရွှေညောင်ပင်အုပ်စုနှင့်ငလျှင်ချောင်း၊တောင်ဘက်တွင်ပင်လယ်၊မြောက်ဘက်တွင်မြကိုင်းကျေးရွာတို့ဖြစ်ပါသည်။ကျုံချိုက်ကျေးရွာသည်ကျောက်တန်းမြို့နယ်နှင့်၄၂မိုင်ခန့်ကွာဝေးပါသည်။ကျုံချိုက်ကျေးရွာမှကျောက်တန်းသို့မိုးရာသီတွင်ဆိုင်ကယ်၊စက်လှေဖြင့်သွားရပါသည်။နွေရာသီတွင်လဲဆိုင်ကယ်၊ကားဖြင့်သွားလာ၍ရသည်။ဝင်ငွေအသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ပညာရေးကိုအလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦး ရိုင်းပင်း ကူညီကြပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၆ | ၄ | ၅ | ၉ |
| မြေယာမဲ့ | ၄ | ၅ | ၈ | ၁၃ |
| မသန်စွမ်း | ၁ | ၁ | ၀ | ၁ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| | | | | | | |
|---|---|---|---|---|---|---|
| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
| အရေအတွက် | ၂၃၅ | | | | ၁/၂ | |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၇ | | | | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
| အရေအတွက် | ၃ | ၂ | - | ၁၀ | ၂၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | | ၂၀ | ၅ | ၂၀ | |


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂-၂ -၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈ | ၃၂ | ၄၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၈ | ၃၂ | ၄၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၈ | ၃၂ | ၄၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၄-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၅ | ၉ | ၂၄ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၄-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၅ | ၉ | ၂၄ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၁၅ | ၉ | ၂၄ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်။




### သုံးသပ်ချက်

မြကိုင်းအုပ်စု၊ ကျုံချိုက်ကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု(၁၄၄)စုကျား(၃၂၀)မ(၂၇၁)ဖြင့်တည်ရှိနေသောရွာတစ်ရွာဖြစ်ပါသည်။အသက်မွေးဝမ်းကြောင်းအနေဖြင့်လယ်ယာလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ရွာတွင်းတွင်နေထိုင်ကြသူအများသည်ဗုဒ္ဓဘာသာလူမျိုးစုများဖြစ်ကြပါသည်။နည်းပညာဖြင့်စိုက်ပျိုးထုတ်လုပ်သောကုန်ပစ္စည်းများနှင့်အသီးအရွက်များနည်းပါးပါသည်။ကျေးရွာအတွင်းတွင်မူလတန်းစာသင်ကျောင်းတစ်ကျောင်း၊ရေကန်တစ်ကန်၊အဂီစီတွင်းတစ်တွင်း၊ဘုန်းကြီးကျောင်းတစ်ကျောင်း၊ဆည်မြောင်းရုံးတစ်ရုံး၊စေတီတစ်ခုစီရှိပါသည်။ကျုံချိုက်ကျေးရွာတွင်ချမ်းသာသောအိမ်မှာနည်းပါးပြီးအလယ်အလတ်အဆင့်ရှိသောအိမ်အရေအတွက်ကပိုများပါသည်။ရွာ၏မြေ

က်ဘက်တွင်ဂန်ထမ်းအိမ်ရာတစ်ခုရှိပါသည်။ရွာ၏တောင်ဘက်တွင်တံတားတစ်စင်းရှိပါသည်။ရွာ၏အနောက်ဘက်တွင်ဆည်မြောင်းရုံးတစ်ရုံးရှိပါသည်။

**၂။ ပိုင်ဆိုင်မှု အဆင့်သတ်မှတ်ချက်။**


ကျုံချိုက်ကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

| အမျိုးအစား | အဆင့်သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | စက်လှေ၊ ဆိုင်ကယ်၊ ဈေးဆိုင်၊ အိမ်ပိုင်၊ မြေပိုင်၊ လုပ်ငန်းပိုင် | ၃ | ၂% |
| အလယ်အလတ် | ဆိုင်ကယ်၊ အိမ်ပိုင်၊ လုပ်ငန်းရှိ | ၁၀၈ | ၇၅% |
| နွမ်းပါး | အလုပ်အကိုင်မရှိ၊ မှီခိုအားထားစရာမရှိ၊ လက်လုပ်လက်စား | ၃၅ | ၂၃% |
| | စုစုပေါင်း | | ၁၀၀% |

**သုံးသပ်ချက်**

ကျုံချိုက်ကျေးရွာတွင် ချမ်းသာ၊အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ပြေလည်သောအဆင့်မှာစက်လှေ၊ဆိုင်ကယ်၊ဈေးဆိုင်၊အိမ်ပိုင်၊မြေပိုင်၊လုပ်ငန်းပိုင်တို့အားပိုင်ဆိုင်လုပ်ကိုင်ဆောင်ရွက်ကြပါသည်။အိမ်ထောင်စုမှာ(၃)စုနှင့်ရာခိုင်နှုန်းမှာ(၂%)ရှိပါသည်။အလယ်အလတ်အဆင့်တွင်အိမ်ပိုင်၊ဆိုင်ကယ်၊လုပ်ငန်းပိုင်လုပ်ကိုင်ပိုင်ဆိုင်ကြပါသည်။
အိမ်ထောင်စုမှာ(၁၀၈)စုနှင့်ရာခိုင်နှုန်းမှာ(၇၅%)ရှိပါသည်။နွမ်းပါးသောအဆင့်မှာအလုပ်အကိုင်မရှိ၊မှီခိုအားထားစရာမရှိ၊လက်လုပ်လက်စား တို့ကိုပိုင်ဆိုင်ကြပါသည်။အိမ်ထောင်စုမှာ (၃၅)စု ရာခိုင်နှုန်းမှာ (၂၃%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းအလွန်နွမ်းပါးရခြင်းမှာလယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရာသီဉတု**

တန်ခူး၊တပေါင်း၊တန်ဆောင်မုန်း၊နတော်လများတွင်နေပူပြီးကဆုန်လ၊နယုန်၊သီတင်းကျွတ်၊တော်သလင်း၊များတွင်မိုးအနည်းငယ်သာရွာ၍ဝါဆို၊ဝါခေါင်လများတွင်မိုးများပါသည်။ပြာသို၊တပို့တွဲလများနှင်းအနည်းငယ်ကျပြီးနေပူပါသည်။

**စိုက်ပျိုးရေး** နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက်ဘဲ၊ကြက်၊ဝက်တို့ကို တနစ်ပတ်လုံးမွေးမြူကြပါသည်။

**ဝင်ငွေ** သီးနှံပေါ်ချိန်များဖြစ်သောတန်ဆောင်မုန်းလ၊နတ်တော်လ၊ပြာသိုလ၊များတွင်ဂင်ငွေများပြီး တပို့တွဲလတပါင်းလများတွင်အသင့်အတင့်ဂင်ငွေရှိကာ ကျန်လများတွင်ဂင်ငွေနည်းပါးပါသည်။

**တံငါလုပ်ငန်း** နတ်တော်၊သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်ငါးအများအပြားရပြီးပုဇွန်များလဲရရှိပြီး ကျန်လများတွင်ငါးအနည်းငယ်ရရှိပါသည်။

**ပွဲလမ်းသဘင်** တပေါင်းလတွင်ဘုရားပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်များကထိန်ပွဲ၊တန်ခူးလတွင်သင်္ကြန်ပွဲတို့ကိုကျင်းပကြပါသည်။

၄။ ဗင်းပုံစံ သုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် ဆယ်အိမ်မှူးအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့တို့သည် ကျေးရွာကိုဖွံ့ဖြိုးတိုးတက်ရေးမြင့်မားအောင် ပူးပေါင်းဆောင်ရွက်ကြပါသည်။နာရေးအဖွဲ့သည် ကျေးရွာဘာသာရေး ၊သာသနာရေး၊နာရေးကိစ္စရပ်များကို ရေရှည် ဆောင်ရွက်ကြပါသည်။မြစိမ်းရောင်အဖွဲ့အစည်းများသည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်။လဝကဌာန၊ရဲစခန်းအဖွဲ့၊မြစိမ်းရောင်အဖွဲ့၊ငါးဦးစီးဌာန၊ပညာရေးအဖွဲ့များသည်လည်း ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

**၅။ ပင့်ကူအိမ် သုံးသပ်ချက်။**



**သုံးသပ်ချက်**

**.ဦးဆောင်နိုင်မှု** ကျေးရွာ၏ဘာသာရေး၊ သာသနာရေး အစရှိသည်တို့တွင် အမျိုးသမီးများ၏ ဦးဆောင်နိုင်မှုမှာမြန်မာ့ထုံးတမ်းအစဉ်လာအရအမျိုးသားများကသာ ဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်

**အဖွဲ့အစည်းပါဝင်ခွင့်** အမျိုးသမီးများနှင့် အမျိုးသားများသည် အဖွဲ့အစည်းများတွင် တန်းတူ ပူးပေါင်းပါဝင်ခွင့်မရသည်ကို တွေ့ရှိရပါသည်။အမျိုးသားများသည်အမျိုးသမီးများထက်ဦးစားပေးခံရသည်ကိုတွေ့ရှိရပါသည်။

**အလုပ်အကိုင်အခွင့်လမ်း** ကျေးရွာအတွင်း အမျိုးသားများသည် အလုပ်အကိုင် အခွင်အလမ်းရရှိမှုမှာ အနည်းငယ်ရှိပြီးအမျိုးသမီးများကပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

**ကျန်းမာရေး** ကျေးရွာအတွင်းအမျိုးသားများနှင့် အမျိုးသမီးများသည် ကျန်းမာရေးမှာခြားနားမှုမှာ အနည်းငယ်ရှိပြီးအမျိုးသားများကပိုပြီးအားသာသည်ကိုတွေ့ရှိရပါသည်။

**ပညာရေးပါဝင်မှု** အမျိုးသားများနှင့်အမျိုးသမီးများတန်းတူ အခွင့်အရေးမရရှိသည်ကို တွေ့ရှိရပါသည်။အမျိုးသမီးများကအနည်းငယ်မျှပညာရေးကိုဦးစားပေးသောရွာတရွာဖြစ်ပါသည်။

**လုံခြုံမှု**


ကျေးရွာအတွင်းအမျိုးသားများသည်အမျိုးသမီးများထက်ပို၍လုံခြုံမှုရှိသည်ကိုတွေ့ရှိရပြီးအမျိုးသမီးများသည်ခန္ဓာကိုယ်ဖွဲ့စည်းပုံအရပိုပြီးအားနည်းသည်ကိုတွေ့ရှိရပါသည်။


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသမီးများက အမျိုးသားများထက်ပိုမိုပြီး အိမ်မှုကိစ္စအပေါ်တွင် ပါဝင်ဆောင်ရွက်ရသည်ကိုတွေ့ရှိရပါသည်။အမျိုးသားများကဝင်ငွေထွက်ရှာနေရသောကြောင့်ဖြစ်ပါသည်။

**ဝင်ငွေ**

အမျိုးသားများသည်အမျိုးသမီးများထက်ဝင်ငွေပိုရနေသည်ကိုတွေ့ရှိရပါသည်။အမျိုးသမီးများသည်အိမ်မှုကိစ္စတွင်သာအချိန်ကုန်နေရသောကြောင့်ဖြစ်ပါသည်။

ဖ။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။





## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏အရင်းအမြစ်များဖြစ်သော လယ်၊ ချောင်း၊ ပိုက်/ရေလုပ်ငန်း၊အိမ်၊ တံတားတို့ကိုအမျိုးသားများက ထိမ်းချုပ်ထားပြီး၊ အိမ်မှုကိစ္စ၊အပ်ချုပ်စက်၊အဂတ်အထည်၊ရွှေတို့ကိုအမျိုးသမီးများက ထိန်းချုပ်ထားပါသည်။သားသမီးများ၊စာသင်ကျောင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ရပ်ရွာသန့်ရှင်းရေး၊သဘာဂပတ်ဂန်းကျင်ထိန်းရေးတို့ကို အမျိုးသား/သမီးတို့ကထိန်း ချုပ်ထား ပါသည်။အမျိုးသမီးများသည် အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုတို့တွင်အမျိုးသားများထက်အားနည်းနေသည်ကိုတွေ့ရှိရပါသည်။

**အသုံးပြုမှု**

ကျေးရွာ၏အရင်းအမြစ်ဖြစ်သောဆိုင်ကယ်၊ကား၊ခါး၊ဦးထုပ်၊အဂတ်အစား၊ဘောကွင်း၊ခြင်းကွင်း၊လမ်းတံတား၊ဆေးပေးခန်း၊လျှပ်စစ်ပစ္စည်းစသည်တို့ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်၊ရွှေ၊အလှကုန်ပစ္စည်း၊ပိုက်၊ထီး၊ဖိနပ်၊ဘုန်းကြီးကျောင်း၊စက်ဘီး၊စာသင်ကျောင်း၊ကောက်စိုက်တို့အားအမျိုးသမီးများသာအသုံးပြု၍အမျိုးသား/အမျိုးသမီးနှစ်ဦးလုံးအသုံးပြုသောအရင်းအမြစ်များမှာအုပ်ချုပ်ရေးမှူးရုံး၊စာကြည့်တိုက်၊ရေတွင်း၊ရေကန်၊အိမ်သုံးပစ္စည်း၊ကလေးထိန်းကျောင်းတို့ကိုအသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၁%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၄.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| | **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ





ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ





လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးထွန်းထွန်းဝင်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ကြူကြူဌေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမြင့်မောင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ပန်းအိဖြူ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၅ | ဦးသန်းလွင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်သန်းသန်းအေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊အဖွဲ့ဝင် |
| ၇ | ဦးမြလွင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်တုတ် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးဝင်းနိုင် | ကျား | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်ယုဂါလွင် | မ | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးတင်ကိုဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်သီသီစန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးအောင်ကိုကိုဦး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက်   ကျား-၇ယောက် + မ- ၆ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်ကြူကြူဌေး   ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဦးထွန်းထွန်းဝင်း   ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဦးသက်ကိုလင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၄.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09.257352774 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၄၄ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၁၄၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၂၀ | ၂၇၁ |
| လူမျိုးစု (၁)-- ဗမာ | ၃၂၀ | ၂၇၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂၈ | ၁၆ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| | | | | | |
|---|---|---|---|---|---|
| **စာသင်ကျောင်း** ✓ | အမှတ်ခြစ်ပါ | **ကျန်းမာရေး** | အမှတ်ခြစ်ပါ | **ဘာသာရေး အဆောက်အအုံများ** ✓ | အမှတ်ခြစ်ပါ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ၁ ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ၁ ☑ |
| | မူလတန်းကျောင်း | ☑ ၁ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ၄ ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ၁ ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/~~မသိပါ~~

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/~~မပြုခဲ့ပါ~~ /~~မသိပါ~~

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၆----/~~မသိပါ~~

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၄၅ မိနစ်-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--၄၅ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/(မော်တော်ဘုတ်)/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ✓ ရှိလျှင်ဖော်ပြပါ [illegible] ၂၀၀၈ ခု (နာဂစ်မုန်တိုင်း)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစ်ဆိပ်ရောက်ကျေးရွာစီမံကိန်း၊

(၂) အုပ်ချုပ်ရေးအဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ✓

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်လှိုင်၊

လက်မှတ် ကျော်လှိုင်၊ နေ့စွဲ 5.2.17

လူထုစည်းရုံးရေးမှူး အမည် ဦးသက်လှိုင်၊

လက်မှတ် [signature] နေ့စွဲ 5.2.17.

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ~~ဦး...~~ သက်လှိုင် | | | |
| နေ့စွဲ ၄ / ၂ / ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☒ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ဖြူကိုင်း | ကျေးရွာ ကျုံချိုကြီး |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုး~~သား~~အဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျုံချိုကြီးမှ မြေနီတံတားသို့ လမ်း အခက်အခဲ ✓ | ၁ | အလုပ်အကိုင် ရှားပါးခြင်း ✓ |
| ၂ | ပဒဲလယ်သို့ ထွက်ပေါက်ချောင်း ဖော်ရေးသော အခက်အခဲ ✓ | ၂ | လုံခြုံ စိတ်ချရမှု မရှိ ✓ |
| ၃ | စာသင်ကျောင်း (မူလတန်း) မရှိတဲ့ အခက်အခဲ ✓ | ၃ | ကျန်းမာရေး စောင့်ရှောက်မှု အခက်အခဲ ✓ |
| ၄ | ကျန်းမာရေး အခက်အခဲ ✓ | ၄ | အလယ်တန်း အဆင့်ကျောင်း မရှိခြင်း အခက်အခဲ ✓ |
| ၅ | ရွာတွင်းလမ်း များ သွားလာမှု အခက်အခဲ ✓ | ၅ | ဆေးပေးခန်း နှင့် ကျန်းမာရေးဝန်ထမ်း အခက်အခဲ ✓ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုး~~သား~~အဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း (ရွာတွင်း) ရရှိရန် | ၁ | လမ်း ကွန်ကရစ် ရရှိရန် ✓ |
| ၂ | ယုံပေါက်ဖြစ် ( ပဒဲလယ်ထွက်ပေါက် ) ရရှိရန် | ၂ | မီး ရရှိရန် |
| ၃ | မူလတန်းကျောင်း ရရှိရန် | ၃ | အလုပ်အကိုင် အခွင့်အလမ်း ရရှိရန် |
| ၄ | ဆေးခန်း ရရှိရန် | ၄ | အလယ်တန်း အဆင့်ကျောင်း ရရှိရန် |
| ၅ | ဆိုလာမီးတိုင် (လမ်း) ရရှိရန် | ၅ | ဆေးပေးခန်း နှင့် ကျန်းမာရေးဝန်ထမ်း ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ် ခင်းရန် | အမျိုးသား + အမျိုးသမီး | ၇၈၀ သိန်း | ရွာလူထု အားလုံး |
| ၂။ | ဆိုလာ လမ်းမီးတိုင် | အမျိုးသား + အမျိုးသမီး | | ရွာလူထု အားလုံး |
| ၃။ | ဆေးပေးခန်း | အမျိုးသား + အမျိုးသမီး | | ရွာလူထု အားလုံး |
| ၄။ | ရေတွင်းကန် (၄)လုံး | အမျိုးသား + အမျိုးသမီး | | ရွာလူထု အားလုံး |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | [illegible] | | |
| ၂။ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---[illegible]--- လက်မှတ်---[illegible]--- နေ့စွဲ---5. 2- 2017---

လူထုဗဟိုပြုစီမံကိန်း

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---------- ကျုံချိုက်ကျေးရွာ

ကျေးရွာအုပ်စု ---------- မြွကိုင်းကျေးရွာ

အစည်းအဝေးပြုလုပ်သည့်နေရာ ---------- ကျုံချိုက်ဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---------- ၂၊၂၊၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---------- ပ.တ.မ.အ ကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၆၀)ဦး ၊မ (၇၂)ဦး= (၁၃၂) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းအကြောင်းသိရှိရန်။ အခကြေးငွေ၊ဝတ္တရားများသိရှိရန်နှင့် ကျေးရွာစေတနာ့ဝန်ထမ်းရွေးချယ်ရန်။

ဆွေးနွေးချက်။ ။ ကျေးရွာမှ ရာအိမ်မှူးမှ အမှာစကားပြောကြားခဲ့ပါသည်။ စီမံကိန်းအကြောင်းပြောကြား၍ ကျေးရွာလူထုအား စီမံကိန်းအကြောင်း သိသင့်များကို ပြောကြား၍ မိတ်ဆက်ပေးခဲ့ပါသည်။

တို့နောက် လူထုစည်းရုံးရေးမှူးမှ မိတ်ဆက်၍ စီမံကိန်း မိတ်ဆက်အား ရှင်းပြခဲ့ပါသည်။ စီမံကိန်း မိတ်ဆက် (ဘဏ္ဍာ ချက်၊ စီမံကိန်း စက်ဝန်း အဆင့် (၁၄) ဆင့်၊ အပိုင်း (၆) ပိုင်း တို့အား ရှင်းပြခဲ့ပါသည်။ တို့နောက် ကျေးရွာလူထုအား နားလည်လားဟုမေးမြန်းခဲ့ရာ နားလည်ကြသဖြင့် ဆက်လက်

ဆွေးနွေးချက်။ ။ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစီကတာဝန်ရှိ
သူများနှင့် ၎င်းတို့၏ အစီကတာဝန်များကိုလည်း
ဆက်လက်ရှင်းပြခဲ့ပါသည်။ ထို့နောက် ရွာတွင်
အစည်းအဝေးများ ဖိတ်ခေါ်ပေးရန် စေတနာ့ဝန်ထမ်း
ရွေးရန် တာဝန်များကို ရှင်းပြခဲ့ပါသည်။ စေတနာ့
ဝန်ထမ်းရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှု၏
ရွာဓလေ့စနစ်ဖြင့် ရွေးချယ်မည်ဟု ရှင်းပြခဲ့သည်။
အဆိုပြုသူများ - ဦးတင်ကိုဦး၊ ဦးမြင့်အောင်၊
ဦးနိုင်ဦး၊ ဒေါ်သီသီစန်း၊ ဒေါ်ပန်းအိမြူ၊ ဒေါ်သန်း
သန်းအေး တို့မှ မဲအများဆုံးရရှိသူ ဦးတင်ကိုဦး
နှင့် ဒေါ်သီသီစန်း တို့အား ရွေးချယ်ခဲ့ပါသည်။
ဤကဲ့သို့ ရွေးချယ်မှုများအပေါ် ရွာလူထုမှ သ
ဘောတူညီလက်ခံသဖြင့် အစည်းအဝေးကို
အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

(signature)

ဦးသက်ကိုလင်း

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ------ ကျုံချိုက်ကျေးရွာ
ကျေးရွာအုပ်စု ------ မြကိုင်းကျေးရွာ
အစည်းအဝေးပြုလုပ်သည့်နေရာ ------ ကျုံချိုက် ဘုန်းကြီးကျောင်း
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ------ ၄၊၂၊၂၀၁၇
အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ------ ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်ခြင်း နှင့် ကော်မတီရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၈၂ )ဦး ၊မ ( ၄၅ )ဦး= (၁၂၇) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာအတွင်းတွင် လုပ်ငန်းစုများထွက်ပေါ်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် ကျေးရွာလူထုကို ရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက်။ ။ ကျေးရွာလူထု၏ အခက်အခဲ ပြဿနာများကို အမျိုးသားနှင့်အမျိုးသမီး တစ်ဖွဲ့ချင်းစီခွဲ၍ ဆွေးနွေးခဲ့သည်။ ပထမဦးဆုံး ကျေးရွာစီ/ထောက် ကော်မတီအထောက်အကူပြု ခေါင်းဆောင်ရွေးချယ်ရာတွင် အဆိုပြုသူ ဦးစည်သူ၊ ဦးနိုင်ဦး၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ပန်းအိဖြူ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ကြူကြူဌေးတို့မှ မဲအများဆုံးရရှိသူ ဦးထွန်းထွန်းဝင်း နှင့် ဒေါ်ကြူကြူဌေးတို့အား ရွေးချယ်ခဲ့ပါသည်။
ကျေးရွာငွေစာရင်းကိုင်ရွေးချယ်ရာတွင် အဆိုပြုသူ ဦးနိုင်ဦး၊ ဦးမြင့်အောင်ဦး၊ အောင်ကိုကိုဦးတို့မှ မဲအများဆုံး

ဆွေးနွေးချက်။

။ရရှိသူ ဦးအောင်ကိုကိုဦး အား ရွေးချယ်ခဲ့ပါသည်။

ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့ ရွေးချယ်ရာတွင် အဆိုပြုသူ ဦးဝင်းနိုင်၊ ဦးမြင့်ဆောင်၊ ဦးနိုင်ဦး၊ ဒေါ်ပန်းအိဖြူ၊ ဒေါ်ယုဝါလွင်၊ ဒေါ်သန်းသန်းဆွေ တို့မှ မဲအများဆုံးရရှိသူ ဦးဝင်းနိုင်နှင့် ဒေါ်ယုဝါလွင် တို့အား ရွေးချယ်ခဲ့ပါသည်။

ဝယ်ယူရေးဆပ်ကော်မတီ ရွေးချယ်ရာတွင် အဆိုပြုသူ ဦးမြင့်ဆောင်၊ ဦးနိုင်ဦး၊ ဦးတင်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ပန်းအိဖြူတို့မှ မဲအများဆုံးရရှိသူ ဦးမြင့်ဆောင်အား ရွေးချယ်ခဲ့ပါသည်။

လည်ပတ်မှုပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ရွေးချယ်ရာတွင် အဆိုပြုသူ ဦးမြလွင်၊ ဦးတင်ဦး၊ ဦးငွေနောင်၊ ဒေါ်သန်းရီ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်တုတ် တို့မှ မဲအများဆုံးရရှိသူ ဦးမြလွင်နှင့် ဒေါ်တုတ် အား ရွေးချယ်ခဲ့ပါသည်။

စောင့်ကြည့်ကြီးကြပ်ရေး ရွေးချယ်ရာတွင် ဦးသန်းလွင်၊ ဦးတင်ဦး၊ ဦးငွေနောင်၊ ဒေါ်သန်းရီ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်ပန်းအိဖြူ တို့မှ မဲအများဆုံးရသူ ဦးသန်းလွင်နှင့် ဒေါ်သန်းသန်းအေးအား ရွေးချယ်ခဲ့ပါသည်။

ရွာလူထုမှ ရွေးချယ်မှုများအပေါ် သဘောတူညီကြသဖြင့် အစည်းအဝေးကို ရပ်သိမ်းခဲ့သည်

မှတ်တမ်းတင်သူ

ဦးသက်ကိုလင်း

လူထုအစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊